
စာစဉ် – ၂၉
နတ်ဆိုးမိန်းမပျို
(မုန့်ဝမ်)
Translator - Phoenix Community

## အခန်း (၂၈၁)
## နောက်တစ်ကြိမ် အတူတူတိုက်ခိုက်ကြရအောင်

*

မုန့်ဝမ်သည် သူမ၏ ခန္ဓာကိုယ်အပေါ်သို့ ကြီးမားသော ဖိအားတစ်ခု ကျရောက်လာသဖြင့် အသက်ရှုပင် မဝနိုင်တော့သလို ခံစားလိုက်ရသည်။

သူမသည် အစွမ်းကုန် တိမ်းရှောင်ရန် ကြိုးစားသော်လည်း သူမ၏ ခန္ဓာကိုယ်မှာ ချုပ်နှောင်ခံထားရသကဲ့သို့ လုံးဝ လှုပ်ရှား၍ မရတော့ပေ။

ထိုအချိန်မှာပင် ချင်းယီ၏ လက်ဝါးချက်မှာ မုန့်ဝမ်၏ ရင်ဘတ်ကို တည့်တည့်မတ်မတ် ထိမှန်သွားတော့သည်။

မုန့်ဝမ်သည် တစ်ကိုယ်လုံးရှိ အရိုးများ အကုန်အက်ကွဲသွားသကဲ့သို့ စူးရှသော နာကျင်မှုကို ခံစားလိုက်ရသည်။

ထို့နောက် အံကို တင်းတင်းကြိတ်ကာ ခန္ဓာကိုယ်ကို သွေးမြူအဖြစ် ပြောင်းလဲ၍ ပျောက်ကွယ်သွားရန် ကြိုးစားလိုက်သည်။

၎င်းကို မြင်သောအခါ ချင်းယီ၏ နှုတ်ခမ်းထက်တွင် အပြုံးတစ်ခု ပေါ်လာပြီး ခေါင်းကို အသာအယာ ခါလိုက်သည်။

သူမသည် ညာဘက်လက်ကို ရုတ်တရက် ဆန့်ထုတ်ကာ ဟာလာဟင်းလင်းပြင်ရှိ နေရာတစ်ခုသို့ လှမ်းဖမ်းလိုက်သည်။

ဝူး...

ဟင်းလင်းပြင်မှာ လှိုင်းထသွားပြီး သွေးမြူတိမ်တိုက်တစ်ခု လေထဲတွင်

ပေါ်လာကာ ချင်းယီ၏ လက်ထဲတွင် မုန့်ဝမ်၏ ပုံရိပ်အဖြစ် ပြန်လည်စုစည်းသွားတော့သည်။

မုန့်ဝမ်၏ မျက်နှာမှာ ဖြူလျော်နေပြီး နှုတ်ခမ်းထောင့်တွင် သွေးစအချို့ စီးကျနေသည်။ သူမ ရှုံးသွားပြီဆိုတာကို သိလိုက်ရသည်။

သို့သော် ချင်းယီက သူမကို စိတ်ဝင်တစား ကြည့်ကာ ပြောလိုက်သည် ...... "ငါ့လက်ထဲမှာ လေးကွက်အထိ ခံနိုင်တာပဲ... မင်း တော်တော်လေး ကောင်းပါတယ်"

ချင်းယီ၏ အသံမှာ ကွင်းပြင်တစ်ခုလုံးတွင် ဟိန်းထွက်သွားသည်။

မုန့်ဝမ်က ခါးသီးစွာ ပြုံးလိုက်ရင်း "တပည့်မ မုန့်ဝမ်... နည်းပြရဲ့ လက်ညှာတာမှုကို ကျေးဇူးတင်ပါတယ်" ဟု ဆိုကာ စင်ပေါ်မှ ဆင်းခဲ့သည်။

မုန့်ဝမ် ဆင်းသွားပြီးနောက် ချင်းယီသည် လူအုပ်ကို ဓားသွားကဲ့သို့ စူးရှသော အကြည့်ဖြင့် ဝေ့ကြည့်လိုက်သည်။

"နောက်ထပ် ဘယ်သူ စိန်ခေါ်ချင်သေးလဲ......"

ကွင်းပြင်တစ်ခုလုံး တိတ်ဆိတ်သွားသည်။

မုန့်ဝမ်၏ စွမ်းဆောင်ရည်မှာ လူတိုင်းကို တုန်လှုပ်စေခဲ့ပြီး စိန်ခေါ်လိုစိတ်များကို ငြိမ်းသတ်လိုက်သလို ဖြစ်သွားသည်။

"ကြည့်ရတာ မင်းတို့အားလုံး ကိုယ့်အစွမ်းကိုယ် ကောင်းကောင်း သိသွားကြပြီပဲ" ချင်းယီက ပြုံးစစဖြင့် ဆက်ပြောလိုက်သည်

"နက်နဲသောဝိညာဉ်အဆင့် ပုဂ္ဂိုလ်တစ်ယောက်အနေနဲ့ မင်းတို့နဲ့ တစ်ယောက်ချင်း တိုက်နေတာက နည်းနည်းတော့ အနိုင်ကျင့်ရာ ရောက်တာပေါ့။

ဒီလိုလုပ်ရအောင်... မင်းတို့ စိတ်ကြိုက် အသင်းတွေဖွဲ့၊ လူဦးရေ

ကန့်သတ်ချက်မရှိဘူး။ နောက်တစ်ခါကျရင် အားလုံး စုပြီး ငါ့ကို တိုက်ကြ။

စည်းကမ်းက အတူတူပဲ၊ ငါ့ကို အနိုင်ယူနိုင်တဲ့သူက ငါ့ရဲ့တပည့် ဖြစ်ခွင့်ရမယ်"

ထိုစကားမှာ တိတ်ဆိတ်နေသော ရေကန်ထဲသို့ ကျောက်တုံးကြီး တစ်လုံး ပစ်ချလိုက်သကဲ့သို့ လူအုပ်ကို ဆူညံသွားစေသည်။

"အားလုံးပေါင်းပြီး တိုက်ရမယ် ဟုတ်လား...... အားလုံးပေါင်းရင်တောင် နည်းပြကို ယှဉ်နိုင်ပါ့မလား..."

"ဟုတ်တယ်၊ ဒီလိုပွဲက ဘာအဓိပ္ပာယ်ရှိမှာလဲ..."

မေးခွန်းများစွာ ထွက်ပေါ်လာသည်။

သူတို့သည် ချင်းယီ၏ အစွမ်းကို မြင်ထားပြီးဖြစ်ရာ အားလုံးပေါင်းတိုက် လျှင်ပင် နိုင်ခြေမှာ အလွန်နည်းပါးလှသည်။

"ဘာလဲ......သတ္တိမရှိဘူးလား......"

ချင်းယီက မျက်မှောင်ကြုတ်ကာ စိန်ခေါ်သည့် လေသံဖြင့် ပြောလိုက်သည် "စိန်ခေါ်ဖို့ သတ္တိတောင် မရှိတဲ့ အမှိုက်တွေဆိုရင်တော့ ကောင်းကင်တာအိုအကယ်ဒမီကနေ အမြန်ဆုံး ထွက်သွားကြတာ ပိုကောင်းမယ်"

ဤလှောင်ပြောင်မှုမှာ မာနကြီးသော ကျောင်းသားများအတွက် ထိရောက်လှသည်။

သူတို့၏ မျက်လုံးများထဲတွင် အလျှော့မပေးလိုသော တိုက်ခိုက်လိုစိတ်များ တောက်လောင်လာသည်။

"ဘယ်သူက သတ္တိမရှိဘူး ပြောလဲ...... အားလုံးပေါင်းတိုက်ရမယ်ဆိုရင်လည်း တိုက်မယ်......" တစ်ဦးက အော်ဟစ်လိုက်သည်။

"ဟုတ်တယ်...... အားလုံး ဝိုင်းတိုက်ရင်တော့ မနိုင်စရာ အကြောင်းမရှိ

ဘူး......"

"စိတ်ဓာတ် ကောင်းကြသားပဲ" ချင်းယီက ပြုံးလိုက်သည် "ဒီနေ့အတွက် သင်ကြားမှု ဒီမှာတင် ပြီးပြီ။ နောက်တစ်ကြိမ် သင်တန်းကျရင် မင်းတို့ရဲ့ စွမ်းဆောင်ရည်ကို ငါ စောင့်ကြည့်နေမယ်"

ပြောပြီးသည်နှင့် ချင်းယီ၏ ပုံရိပ်မှာ ပျောက်ကွယ်သွားတော့သည်။

နည်းပြ ထွက်သွားပြီးနောက်တွင်လည်း လူတိုင်း၏ စိတ်လှုပ်ရှားမှုမှာ လျော့ပါးမသွားဘဲ အချင်းချင်း အသင်းများဖွဲ့ကာ နည်းဗျူဟာများ တိုင်ပင်ကြတော့သည်။

အချို့က အစီအရင် သုံးရန်၊ အချို့က ပူးပေါင်းတိုက်ကွက်များ သုံးရန်၊ အချို့ကမူ ချင်းယီ၏ အားနည်းချက်ကို ရှာရန် တိုင်ပင်နေကြသည်။

ဝတ်စုံစိမ်းဝတ်ကာ မာနကြီးဟန်ရှိသော လူငယ်တစ်ဦးမှာ ထောင့်တစ်နေရာတွင် ရှိနေသော မုန့်ဝမ်ထံသို့ တန်းတန်းမတ်မတ် လျှောက်လာသည်။

သူက လက်အုပ်ချီကာ နှုတ်ဆက်လိုက်သည် ...... "ငါက ရှီထျန်းမင် ပါ၊ ဓားကျင့်ကြံသူတစ်ဦးပေါ့။ ခုနက နည်းပြချင်းယီကို တတိယမြောက်ကွက်အထိ ထုတ်သုံးအောင် ငါ လုပ်နိုင်ခဲ့တယ်။ မိတ်ဆွေ မုန့်ရဲ့ အစွမ်းကိုလည်း အားလုံး မြင်ပြီးသားပါ။ ငါနဲ့ အသင်းဖွဲ့ဖို့ စိတ်ဝင်စားသလား......ငါတို့နှစ်ယောက် ပူးပေါင်းရင် အသန်မာဆုံး အသင်းဖြစ်မှာ သေချာတယ်"

ရှီထျန်းမင်၏ အသံမှာ ကျယ်လှသဖြင့် ဘေးပတ်ပတ်လည်မှ လူများက သတိထားမိသွားကြသည်။ မုန့်ဝမ် မတုံ့ပြန်ရသေးမီမှာပင် နောက်ထပ် အေးစက်စက် အသံတစ်သံ ထွက်ပေါ်လာသည်။

"ဟက်... ရှီထျန်းမင်၊ မင်းက ဘာမို့လို့ အသန်မာဆုံး အသင်းလို့ ပြောနေတာလဲ...... မိတ်ဆွေ မုန့်၊ ကျွန်တော်က ဖန်ကျိုး ပါ၊

ကျွန်တော်လည်း သွေးကျင့်စဉ် ကျင့်ကြံသူ တစ်ယောက်ပဲ။ ကျွန်တော်တို့ နှစ်ယောက် ပူးပေါင်းရင် သွေးကျင့်စဉ်ရဲ့ စွမ်းအားကို ပိုပြီး ထုတ်ဖော်နိုင်လိမ့်မယ်......"

"သွေးကျင့်စဉ် ကျင့်ကြံသူအချင်းချင်း ပူးပေါင်းတာက ဘာထူးခြားမှာလဲ။ စီနီယာအစ်မ မုန့်က ကျွန်တော်တို့လို အစီအရင် ကျင့်ကြံသူတွေနဲ့ ပူးပေါင်းတာ ပိုကောင်းပါတယ်"

ခေတ္တအတွင်းမှာပင် မုန့်ဝမ်၏ ဘေးပတ်လည်တွင် လူများစွာ စုပြုံလာကြပြီး သူမနှင့် အသင်းဖွဲ့ရန် ကမ်းလှမ်းကြသည်။

မုန့်ဝမ်က တည်ငြိမ်စွာ နားထောင်နေပြီး နှုတ်ခမ်းထက်တွင် အပြုံးတစ်ခု အမြဲရှိနေသည်။

"အားလုံးရဲ့ စေတနာကို ကျေးဇူးတင်ပါတယ်။ ဒီကိစ္စက အရေးကြီးတာမို့ ကျွန်မ သေသေချာချာ စဉ်းစားပါရစေ......"

မုန့်ဝမ်က တိုက်ရိုက်မငြင်းသဖြင့် လူတိုင်းမှာ ဝမ်းသာသွားကြပြီး နာမည်များကို အသီးသီး ပြောကြားကာ သူမ ပါဝင်လာမည့်အချိန်ကို မျှော်လင့်နေကြသည်။

လေ့ကျင့်ရေးကွင်းတွင် ကျင့်ကြံသူများမှာ သုံးယောက်တစ်တွဲ၊ ငါးယောက်တစ်တွဲ အသင်းများ ဖွဲ့နေကြသည်။

လူနှစ်ဆယ်၊ သုံးဆယ်ပါသော အသင်းကြီးများမှာ ပူးပေါင်းတိုက်ကွက်များကို လေ့ကျင့်ရန် ပြင်ဆင်နေကြပြီး၊ လူဆယ်ယောက်ခန့်ပါသော အသင်းများကမူ အစီအရင်ဖြင့် တိုက်ခိုက်ရန် စီစဉ်နေကြသည်။

မုန့်ဝမ်ကတော့ မည်သည့်အသင်းတွင်မှ မပါဝင်သေးဘဲ တစ်ကိုယ်တည်း တိတ်ဆိတ်စွာ ရပ်နေခဲ့သည်။ သူမသည် ခေတ္တမျှ စဉ်းစားပြီးနောက် ခါး

ချိတ်ပြားကို ထုတ်ကာ စီနီယာအစ်ကို ချီ ထံသို့ သတင်းပို့လိုက်သည်။

စီနီယာအစ်ကို ချီသည် နက်နဲသောဝိညာဉ်အဆင့်ဖြင့် ဝိညာဉ်ပြောင်းလဲခြင်းအဆင့် ပုဂ္ဂိုလ်တစ်ဦးကို အနိုင်ယူခဲ့ဖူးသူ ဖြစ်သည်။

သူ ဘယ်လို လုပ်ခဲ့သလဲ၊ ဝိညာဉ်ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူတစ်ဦး၏ တိုက်ခိုက်နိုင်စွမ်းက ဘယ်လောက်အထိ ကြောက်စရာကောင်းသလဲ ဆိုသည်ကို သူမ သိချင်နေသည်။

မကြာမီမှာပင် ခါးချိတ်ပြားမှာ လက်ခနဲ ဖြစ်သွားသည်။ မုန့်ဝမ်က သူမ၏ ဝိညာဉ်အာရုံဖြင့် ဖတ်ကြည့်လိုက်ရာ ချီယွမ်ရှောင်၏ ပြန်စာကို တွေ့လိုက်ရသည်။

"ရွှေအမြုတေအဆင့်နဲ့ နက်နဲသောဝိညာဉ်အဆင့် ပုဂ္ဂိုလ်ကို စိန်ခေါ်မယ် ဟုတ်လား...... ဂျူနီယာ မုန့်... မင်းရဲ့ အကြံက တော်တော်လေးကို ရဲတင်းလွန်းနေပြီ.........."

ချီယွမ်ရှောင်၏ ပြုံးစစအသံက မုန့်ဝမ်၏ စိတ်ထဲတွင် ပဲ့တင်ထပ်သွားသည်။

"ပြိုင်ဘက်က သူတို့ရဲ့ ကျင့်ကြံဆင့်ကို ရွှေအမြုတေအဆင့်အထိ နှိမ့်ထားရင်တောင်မှ သူတို့ရဲ့ အမြင်အာရုံ၊ ဝိညာဉ်စွမ်းအားနဲ့ အတွေ့အကြုံတွေကတော့ မပြောင်းလဲဘူး။ မင်း သေချာပေါက် နိုင်မှာ မဟုတ်ဘူး"

မုန့်ဝမ်က မျက်မှောင်ကြုတ်လိုက်ရင်း "စီနီယာအစ်ကို... နက်နဲသောဝိညာဉ်အဆင့်နဲ့ ဝိညာဉ်ပြောင်းလဲခြင်းအဆင့်က ရွှေအမြုတေအဆင့်နဲ့ယှဉ်ရင် ဘာတွေ ကွာခြားသွားတာလဲ......"

"နက်နဲသောဝိညာဉ်အဆင့် ဆိုတာက ကိုယ့်ရဲ့ သက်စောင့်စွမ်းအင်တွေကို စုစည်းပြီး ဝိညာဉ်ကလေးငယ်အဖြစ် ပုံဖော်လိုက်တာပဲ..... အဲဒါက

စွမ်းအားအသစ်တစ်ခုကို ပိုင်ဆိုင်လိုက်တာနဲ့ အတူတူပဲ.......

ဝိညာဉ်ပြောင်းလဲခြင်းအဆင့် ကျတော့ အဲဒီ ဝိညာဉ်ကလေးငယ်နဲ့ ကိုယ့်ရဲ့ဝိညာဉ်အာရုံတွေ ပေါင်းစည်းသွားတဲ့ အဆင့်ပဲ"

ချီယွမ်ရှောင်က စိတ်ရှည်လက်ရှည် ရှင်းပြသည် ...... "ဝိညာဉ်ပြောင်းလဲခြင်းအဆင့် ကျင့်ကြံသူတစ်ယောက်ရဲ့ဝိညာဉ်အာရုံ က အလွန်အစွမ်းထက်တယ်။

မင်းရဲ့ပုံရိပ်ယောင်တွေကို သူတို့က အလွယ်တကူ မြင်နိုင်သလို မင်း ဂုဏ်ယူနေတဲ့ နည်းလမ်းတွေက သူတို့ရှေ့မှာ ဘာမှမဟုတ်တော့ဘူး"

မုန့်ဝမ်သည် နည်းပြချင်းယီ၏ နက်နဲလှသော အစွမ်းကို ပြန်လည်အမှတ်ရပြီး စိတ်ထဲတွင် အားငယ်မှု အနည်းငယ် ခံစားလိုက်ရသည်။ သူမက နည်းပြပေးထားသော စိန်ခေါ်မှုကို ချီယွမ်ရှောင်အား ပြောပြလိုက်သည်။

"တကယ်တော့ မင်းမေးကတည်းက ငါ ခန့်မှန်းမိပါတယ်။ အောက်အကယ်ဒမီ တစ်ခုလုံးမှာ နည်းပြချင်းယီ တစ်ယောက်ပဲ အဲဒီလို... ထူးထူးခြားခြား ရှိတာ" ဟု ချီယွမ်ရှောင်က ရယ်ရင်း ပြောလိုက်သည်။

"စီနီယာအစ်ကို... အနိုင်ရမယ့် နည်းလမ်း ရှိနိုင်မလား......"

"ခက်တယ်... မဖြစ်နိုင်ဖို့က များတယ်........."

ချီယွမ်ရှောင် ခေတ္တ တိတ်ဆိတ်သွားပြီးမှ ဆက်ပြောသည် "ပြိုင်ဘက်ကသူ့ရဲ့ ကျင့်ကြံဆင့်ကို အခြေခံတည်ဆောက်ခြင်းအဆင့် အထိ နှိမ့်ချပေးမှသာ မင်းတို့မှာ နိုင်ခြေ အနည်းငယ် ရှိလိမ့်မယ်။ ဒါပေမဲ့ ဂျူနီယာ... စိတ်ဓာတ်မကျပါနဲ့"

မုန့်ဝမ် စိတ်အားငယ်သွားမည်ကို စိုးရိမ်သဖြင့် ချီယွမ်ရှောင်က ထပ်ရှင်း

ပြသည် ...... "နည်းပြချင်းယီက မင်းတို့ ကျောင်းသားတွေရဲ့ အစွမ်းအကုန် ထွက်လာအောင် တွန်းအားပေးနေတာပါ။

စွမ်းဆောင်ရည်ကောင်းတဲ့ ကျောင်းသားရှိရင် သူမကို အနိုင်မတိုက်နိုင်ရင်တောင် တပည့်အဖြစ် လက်ခံမှာပါ...... မင်း.. နည်းပြချင်းယီရဲ့ လက်ထဲမှာ ဘယ်နှစ်ကွက် တောင့်ခံနိုင်ခဲ့လဲ......"

"သုံးကွက်ပါ..... လေးကွက်မြောက်မှာ ကျွန်မ ရှုံးသွားတယ်..." မုန့်ဝမ်က နောင်တရဟန်ဖြင့် ဖြေလိုက်သည်။

ထိုအဖြေကို ကြားလိုက်ရသောအခါ တစ်ဖက်မှ ချီယွမ်ရှောင်မှာ ခေတ္တမျှ မှင်တက်သွားပြီးနောက် ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

***